
# နိဒါန်း




ဩစတြေးလျားနိုင်ငံတွင် သင့်နေထိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ရာ၌ အထောက် အကူဖြစ်စေရန် ဤစာတွဲကို ပေးထားပါသည်။

လွယ်ကူစွာ ဖတ်ရှုစရာ

သတင်းအချက်အလက်ကို လွယ်ကူစွာ ဖတ်နိုင်အောင် ပြုစုထားပါသည်။ အချို့ အချက်များကို ရှင်းပြရာ၌ ရုပ်ပုံများကို အသုံး ပြုထားပါသည်။

ဤကွန်ပျူတာ သင်္ကေတပုံကို မြင်လျှင် သင့်ထံ၌ လွယ်ကူစွာ ဖတ်ရှုသိရှိနိုင်မည့်ပုံစံကို ရရှိထားကြောင်း သင်သိပါလိမ့်မည်။

IOM • OIM


Australian Government
Department of Social Services

ဤသိကောင်းစရာအချက်အလက်များကို အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့နေထိုင်ရေးရာ အဖွဲ့အစည်း (International Organization for Migration - IOM) က ဩစတြေးလျား လူမှုရေး ဝန်ဆောင်မှုများဌာန (Australian Department of Social Services - DSS) ကိုယ်စား ပို့ချပေးခြင်း ဖြစ်သည်။




ဤစာတွဲပါ အချက်အလက်ကို ဖတ်ရှုနိုင်ရန် အတွက် သင် အကူအညီတောင်းခံနိုင်ပါသည်။ သင်၏ မိတ်ဆွေ၊ မိသားစုဝင် သို့မဟုတ် ကူညီစောင့်ရှောက်သူတစ်ဦးဦးက သင့်ကို အကူအညီ ပေးနိုင်ပါလိမ့်မည်။

## ဤစာတွဲတွင် မည်သည့်အရာ ပါရှိသနည်း။




ဤစာတွဲတွင် သင်တွေ့ရှိမည်မှာ၊

- လှုပ်ရှားဆောင်ရွက်မှုစာအုပ်




- အရေးကြီးအကြောင်းအရာများနှင့် ပတ်သက်သော သိကောင်းစရာအချက်အလက် လက်ကမ်းစာစောင်တို့ဖြစ်သည်။



သိကောင်းစရာလက်ကမ်းစာစောင်များက သင့်အား အောက်ပါတို့ကို သိရှိစေရန် အထောက်အကူပေးပါမည်။

- ဩစတြေးလျား၌ နေထိုင်ရသည့်ဘဝမှာ မည်ကဲ့သို့ရှိခြင်း



- ဩစတြေးလျားသို့ သွားရောက်ခြင်း



- ဩစတြေးလျားလူမျိုး မိသားစုများ



- သင်အခြေချနေထိုင်နိုင်ရေးကို
  အထောက်အကူပြုပေးနိုင်သော ဝန်ဆောင်မှုများ



- သင်၏ ကျန်းမာရေး



- အိမ်ရာနှင့် နေထိုင်ရာနေရာများ



- အလုပ် နှင့် အလုပ်အကိုင်များ



- စာသင်ကျောင်းနှင့် လေ့လာသင်ကြားခြင်း





- တရားဥပဒေ




- မိမိငွေကို ဂရုစိုက် သိမ်းဆည်းခြင်း



- အန္တရာယ်ကင်းအောင် နေထိုင်ခြင်း




- ယဉ်ကျေးမှုခြား အသိုင်းအဝိုင်းအပေါ် တအံ့တသြဖြစ်ပြီး စိတ်နေသားမကျဖြစ်ရခြင်း - အသစ်အဆန်းများနှင့် ယဉ်ပါးလာခြင်း



- အားလပ်ရက်များ



- သင်အသုံးပြုနိုင်သော သယ်ယူပို့ဆောင်ရေးစနစ်



- သင်သိရှိသူများနှင့် အဆက်အသွယ်ထားရှိခြင်းတို့ဖြစ်သည်




ဤလုပ်ရှားဆောင်ရွက်မှုစာအုပ်တွင် အောင်မြင် ရရှိသော ရလဒ်မှတ်တမ်းရှိသည်။

ရလဒ်မှတ်တမ်းသည် သင်၏ သိရှိတတ်မြောက်မှုကို ခြေရာကောက်နိုင်သောနည်းဖြစ်သည်။



ထိုမှတ်တမ်းသည် သင်သိရှိစေရန် အထောက်အကူပြုမည်မှာ၊

- သင်ဘာတွေ တတ်မြောက်ခဲ့ပြီးပြီလဲ



- ဘာတွေ ထပ်မံသင်ယူရန် လိုသေးသလဲတို့ဖြစ်သည်


## AUSCO အကြောင်း




သင်၏ ခရီးလမ်းကြောင်းတွင် AUSCO သည် ပထမ ခြေလှမ်းအဆင့်ဖြစ်သည်။




သင်သြစတြေးလျားရောက်ပြီး စတင်အခြေချသည့်အခါတွင် သင်ပို၍ နားလည်သိရှိလာပါလိမ့်မည်။



သင်သည် အောက်ပါတို့ကို လုပ်ကိုင်နိုင်စွမ်း ရှိလာပါလိမ့်မည်။

- နောက်ထပ် အကျွမ်းဝင်ရေးဆိုင်ရာ သင်တန်းများကို တက်ခြင်း




- လှုပ်ရှားဆောင်ရွက်မှုစာအုပ်ကို ဆက်လက်အသုံးပြုခြင်း




- ဤစာတွဲပါ သိကောင်းစရာအချက်အလက်များကို ပိုမိုနားလည်သိရှိလာခြင်း တို့ဖြစ်သည်



ဩစတြေးလျားတွင်ရှိသည့် လူနေမှုဘဝအကြောင်းကို လေ့လာခြင်းသည် သင့်ဘဝ တစ်လျှောက်လုံး လုပ်ကိုင်သွားရမည့်အရာဖြစ်သည်။



ဩစတြေးလျားတွင် နေထိုင်သည့် သင်၏
လူနေမှုဘဝသစ်ကို သင့်အဖို့ စွန့်စားမှုတစ်ရပ်အဖြစ်
မှတ်ယူတွေးဆသင့်သည်။



ကျေးဇူးပြု၍ သည်းခံစိတ်ရှည်ပါ။

ကျေးဇူးပြု၍ လေ့လာသင်ယူလိုသည့် စိတ်ဓာတ်ထားရှိပါ။

ဤလွယ်ကူစွာ ဖတ်ရှုနိုင်သော စာရွက်စာတမ်းများကို Access Group
သတင်းပြန်ကြားရေးအဖွဲ့အစည်းက ဓာတ်ပုံ သင်္ကေတများ၊ ရှိရင်းစွဲဓါတ်ပုံများနှင့်
သီးသန့်ပုံရိပ်လွှာများကို အသုံးပြု၍ ရေးသားပြုစုထားပါသည်။ ပုံရိပ်လွှာများကို
ခွင့်ပြုချက်မရှိဘဲ တဆင့်ပြန်လည် အသုံးပြုခွင့် မရှိပါ။ ထိုပုံရိပ်လွှာများနှင့် ပတ်သက်၍
မေးမြန်းစုံစမ်းစရာ တစ်စုံတစ်ရာရှိပါက **www.informationaccessgroup.com** ၌
ကြည့်ပါ။

ဤစာမျက်နှာကို ရည်စူး၍ အလွတ်ထားခြင်းဖြစ်သည်

Australian Government
Department of Social Services

ဩစတြေးလျားနိုင်ငံ လူမှုဝန်ဆောင်ရေးဌာန ၏
ကိုယ်စား အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့နေထိုင်ရေးရာ
အဖွဲ့အစည်း မှ ပို့ချပေးသည်။

IOM • OIM